# ပဋ္ဌမအကြိမ်ကိုရီးယားဘာသာ အရည်အချင်းစစ်စာမေးပွဲ (EPS-TOPIK) ကျင်းပမည့် စာစစ်ဌာန၊ နေ့ရက်၊ အချိန် ထုတ်ပြန်ကြေညာချက်

၁။ စာမေးပွဲဖြေဆိုရမည့် စာစစ်ဌာန

(က) ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ၊ ရွှေပြည်သာမြို့နယ်

(ခ) ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ် ၊ လှိုင်သာယာမြို့နယ်

၂။ စာမေးပွဲဖြေဆိုရမည့် နေ့ရက်၊ အချိန်၊ လူဦးရေ၊ ခုံနံပါတ်နှင့်နေရာ

| စဉ် | နေ့ရက် | အချိန် | | ဦးရေ | ဖြေဆိုရမည့် ခုံနံပါတ်နှင့်နေရာ |
|---|---|---|---|---|---|
| ၁။ | ၁၈-၅-၂၀၁၃ (စနေနေ့) နံနက်ပိုင်း | ရှင်းလင်း ဆွေးနွေးချိန် | ၀၉း၀၀ နာရီ မှ ၁၀း၀၀ နာရီ ထိ | ၁၄၀၀ ဦး | ၁၀၀၀၀၀၀၁ မှ၁၀၀၀၀၁၄၀၅ ထိ=U.C.S.Y |
| | | ဖြေဆိုချိန် | ၁၀း၀၀ နာရီ မှ ၁၁း၁၀ နာရီ ထိ | ၆၄၀ ဦး | ၁၀၀၀၁၄၀၆ မှ၁၀၀၀၀၂၀၄၆ ထိ=W.Y.T.U |
| ၂။ | ၁၈-၅-၂၀၁၃ (စနေနေ့) မွန်းလွဲပိုင်း | ရှင်းလင်း ဆွေးနွေးချိန် | ၁၃း၃၀ နာရီ မှ ၁၄း၃၀ နာရီ ထိ | ၁၄၀၀ဦး | ၁၀၀၀၂၀၄၇ မှ၁၀၀၀၀၃၄၅၀ ထိ=U.C.S.Y |
| | | ဖြေဆိုချိန် | ၁၄း၃၀ နာရီ မှ ၁၅း၄၀ နာရီ ထိ | ၆၄၀ ဦး | ၁၀၀၀၃၄၅၁ မှ၁၀၀၀၀၄၀၉၁ ထိ=W.Y.T.U |
| ၃။ | ၁၉-၅-၂၀၁၃ (တနင်္ဂနွေနေ့) နံနက်ပိုင်း | ရှင်းလင်း ဆွေးနွေးချိန် | ၀၉း၀၀ နာရီ မှ ၁၀း၀၀ နာရီ ထိ | ၁၄၀၀ ဦး | ၁၀၀၀၄၀၉၂ မှ၁၀၀၀၀၅၄၉၄ ထိ=U.C.S.Y |
| | | ဖြေဆိုချိန် | ၁၀း၀၀ နာရီ မှ ၁၁း၁၀ နာရီ ထိ | ၆၄၀ ဦး | ၁၀၀၀၅၄၉၅ မှ၁၀၀၀၀၆၁၃၆ ထိ=W.Y.T.U |
| ၄။ | ၁၉-၅-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းလွဲပိုင်း | ရှင်းလင်း ဆွေးနွေးချိန် | ၁၃း၃၀ နာရီ မှ ၁၄း၃၀ နာရီ ထိ | ၁၄၀၀ ဦး | ၁၀၀၀၆၁၃၇ မှ၁၀၀၀၀၇၅၃၆ ထိ=U.C.S.Y |
| | | ဖြေဆိုချိန် | ၁၄း၃၀ နာရီ မှ ၁၅း၄၀ နာရီ ထိ | ၆၃၆ ဦး | ၁၀၀၀၇၅၃၇ မှ၁၀၀၀၀၈၂၂၄ ထိ=W.Y.T.U |

မှတ်ချက်။ (၁) ယှဉ်တွဲပါ ခုံနံပါတ်များအလိုက် သတ်မှတ်ထားသည့် တက္ကသိုလ်များတွင်သာ ဖြေဆိုရပါ မည်။

(၂) သတ်မှတ်ချက်နှင့် မကိုက်ညီ၍ စာမေးပွဲဖြေဆိုခွင့်မရှိသည့် လျှောက်လွှာနံပါတ် ၁၀၀၀၃၀၈၀ ၊ ၁၀၀၀၃၂၈၇ ၊ ၁၀၀၀၄၁၆၅တို့ဖြစ်ပါသည်။

(၃) စာမေးပွဲဖြေဆိုခွင့်၊ မရှိသူ(၃)ဦးစလုံး၏ လျှောက်လွှာကြေးများအား အစိုးရပြည်ပ အလုပ်အကိုင်အေဂျင်စီရုံး၌ တစ်လအတွင်း အမြန်ဆုံးပြန်လည်ထုတ်ယူရန် အသိပေးအပ် ပါသည်။

(၄) - U.C.S.Y = ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (ရွှေပြည်သာမြို့နယ်)

- W.Y.T.U= ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ် (လှိုင်သာယာမြို့နယ်)

ဖြေဆိုသူများ သတိပြုလိုက်နာရန် -

(၁) စာမေးပွဲ ဖြေဆိုမည့်သူများအား ရှင်းလင်းဆွေးနွေး ပညာပေးခြင်းရှိပါသဖြင့် နံနက်ပိုင်းတွင် ဖြေဆိုမည့်သူများသည် နံနက် ၀၉း၀၀ နာရီတွင်လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဖြေဆိုမည့်သူ များသည် မွန်းလွဲ ၁၃း၃၀ နာရီတွင်လည်းကောင်း သက်ဆိုင်ရာစာမေးပွဲခန်းသို့ ဝင်ရောက် နေရာယူပြီးဖြစ်ရမည်။ ဤသတ်မှတ်ချိန်ထက် နောက်ကျပါက စာမေးပွဲ ဝင်ရောက်ဖြေဆိုခွင့် ပြုမည်မဟုတ်ပါ။

(၂) လျှောက်လွှာနံပါတ် (စာမေးပွဲခုံနံပါတ်) အလိုက် ဖြေဆိုရမည့် အခန်းနံပါတ်များကို ဖြေဆိုမည့် နေ့တွင် ကြေညာထားပါမည်။ မိမိဖြေဆိုရမည့် စာစစ်ဌာနနှင့် ဖြေဆိုရမည့်အချိန်ကို ဂရုတစိုက် ကြည့်ရှုမှတ်သားပါ။ သတ်မှတ်ထားရှိသော စာစစ်ဌာနနှင့် ဖြေဆိုရမည့်အချိန်၌သာ ဖြေဆိုခွင့် ပြုပါမည်။

(၃) စာမေးပွဲဖြေဆိုမည့်နေ့ရက်တွင် စာမေးပွဲမေးခွန်းလွှာနှင့် အဖြေလွှာကို တစ်ဦးလျှင် တစ်စုံသာ လက်ခံရရှိမည်ဖြစ်ပြီး စာမေးပွဲအဖြေလွှာပေါ်တွင် ဖြေဆိုသူ၏ အမည်၊ စာမေးပွဲဖြေဆိုခွင့်၊ နံပါတ်၊ မေးခွန်းအမျိုးအစားများအား ပုံနှိပ်ထားရှိပြီးဖြစ်ပါသည်။

- ဖြေဆိုသူသည် စာမေးပွဲဖြေဆိုလွှာ လက်ခံရရှိသည်နှင့် မိမိ၏အမည်နှင့် စာမေးပွဲဖြေဆိုခွင့်နံပါတ်အား စစ်ဆေးပြီး၊ မေးခွန်း အမျိုးအစား (A,B,C,D) စသည်တို့ရှိရာအဖြေလွှာပေါ်တွင်ဖော်ပြပါရှိသော မေးခွန်းအမျိုးအစားသည် (ဥပမာ A ဖြစ်ပါက) မေးခွန်း A ကို လက်ခံရယူ ဖြေဆိုရမည်ဖြစ်ပါသည်။
- မေးခွန်းလွှာနှင့် အဖြေလွှာအမျိုးအစား မှားယွင်းစွာဖြေဆိုမိ၍ ဖြစ်ပေါ်လာသည့် ပြဿနာ အဝဝသည် ကာယကံရှင်၏ တာဝန်သာဖြစ်ပါသည်။သို့ဖြစ်ပါ၍ လက်ခံရရှိသော မေးခွန်း လွှာအမျိုးအစားနှင့် အဖြေလွှာအမျိုးအစား တူညီမှုရှိမရှိကို စာမေးပွဲစတင်မဖြေဆိုမီ အထူး သတိပြုစစ်ဆေးရပါမည်။

(၄) စာမေးပွဲဖြေဆိုသူများသည် သတ်မှတ်ထားသည့် နေရာ၊ နေ့ရက်နှင့် အချိန်မှလွဲ၍ အခြားနေရာ၊ နေ့ရက်၊ အချိန်တို့တွင် ပြောင်းရွှေ့ဖြေဆိုခွင့်မပြုပါ။

(၅) စာမေးပွဲဖြေဆိုသူသည် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ စာမေးပွဲဖြေဆိုခွင့်ကတ်ပြား၊ နိုင်ငံကူး လက်မှတ်မူရင်း ယူဆောင်လာရမည်။ စာမေးပွဲဖြေဆိုချိန်တွင် ဖြေဆိုသူတစ်ဦးစီအား စာမေးပွဲ အခန်းကြီးကြပ်သူနှင့် ကိုရီးယားသမ္မတနိုင်ငံ လူ့စွမ်းအားဖွံ့ဖြိုးရေးအဖွဲ့တို့မှ သက်သေခံ ကတ်ပြားများကို စစ်ဆေးပါမည်။ နိုင်ငံကူးလက်မှတ်နှင့် နိုင်ငံသားစိစစ်ရေးကဒ်ပြားများ မယူဆောင်လာပါက စာမေးပွဲဖြေဆိုခွင့်မပြုပါ။

(၆) စာမေးပွဲဖြေဆိုမည့်နေ့တွင် ဖြေဆိုသူတစ်ဦးစီကို စာမေးပွဲမေးခွန်းတစ်စုံနှင့် လျှောက်ထားသူ၏ အမည်၊ မွေးသက္ကရာဇ်၊ စာမေးပွဲခုံနံပါတ်ပါရှိသော အဖြေလွှာကို ဖြန့်ဝေပါမည်။ လျှောက်ထား သူသည် စာမေးပွဲ မဖြေဆိုမီ အဖြေလွှာပေါ်တွင် ပုံနှိပ်ထားသော မိမိ၏အမည်၊ မွေးသက္ကရာဇ်၊ စာမေးပွဲခုံနံပါတ်တို့ကို စစ်ဆေးရပါမည်။

စာမေးပွဲအဖြေလွှာပေါ်တွင် ဖြည့်သွင်းထားသော အချက်အလက်များသည် မိမိ၏နိုင်ငံကူးလက်မှတ်တွင် ပါရှိသည့် အချက်အလက်များနှင့် ကွဲလွဲပါက တစ်ပါတည်းပြင်ဆင်သွားရန်နှင့် နောင်တွင် စာမေးပွဲအောင်လက်မှတ်နှင့် အချက်အလက်များ ကွဲလွဲမှုကြောင့် ပေါ်ပေါက်လာမည့်အခက်အခဲများအား တာဝန်ယူဆောင်ရွက် ပေးမည် မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။

(၇) ဖြေဆိုသူတစ်ဦးလျှင် အဖြေလွှာတစ်စောင်ကိုသာ ထုတ်ပေးမည်ဖြစ်ပြီး အဖြေလွှာပေါ်တွင် ပြင်ဆင်ခြင်း၊ ဖျက်ခြင်းပြုလုပ်ပါက မှားယွင်းသော အဖြေလွှာအဖြစ် သတ်မှတ်မည်။ အဖြေလွှာပေါ်တွင် မှင်ဖျက်အရည်၊ တိတ်များဖြင့်ဖျက်ခြင်းများ ရှိပါက မှားယွင်းသော အဖြေလွှာအဖြစ် သတ်မှတ်မည်။

(၈) အဖြေလွှာပေါ်တွင် အနက်ရောင်ကွန်ပျူတာဆော့ပင် (Felt tip pen) (သို့) အနက်ရောင် ဘောလ်ပင်ကိုသာ သုံးရမည်။ ခဲတံ၊ အခြားသော ဘော(လ်)ပင်အရောင်များကို သုံးပါက မှားယွင်းသော အဖြေလွှာအဖြစ် သတ်မှတ်မည်။

(၉) စာမေးပွဲဖြေဆိုချိန် မပြီးမီ၊ စာမေးပွဲခန်းမအတွင်းမှ ထွက်ခွာခြင်းနှင့် သန့်စင်ခန်းသွားခြင်း ခွင့်မပြုပါ။ ဖြေဆိုချိန်အတွင်း အခန်းအပြင်သို့ထွက်ခွာပါက မမှန်မကန်ဖြေဆိုသူအဖြစ် သတ်မှတ်မည်။

(၁၀) စာမေးပွဲ ဖြေဆိုမည့်သူများသည် လက်ကိုင်ဖုန်း၊ အခြားသောလျှပ်စစ်သုံးကိရိယာ၊ ဆက်သွယ်ရေးကိရိယာများကို စာမေးပွဲဖြေဆိုရာတွင် ယူဆောင်လာခွင့်မပြုပါ။ စာမေးပွဲဖြေဆိုချိန်တွင် အဆိုပါ စက်ကိရိယာများအား အသုံးပြုခြင်း၊ ယူဆောင်ထားခြင်းတွေ့ရှိပါက လိမ်လည်ဖြေဆိုသူအဖြစ် သတ်မှတ်မည်။

(၁၁) စာမေးပွဲဖြေဆိုသူသည် မမှန်ကန်သည့်အပြုအမူများ ဆောင်ရွက်ခဲ့လျှင် စာမေးပွဲဖြေဆိုမှုအား ရပ်ဆိုင်း၍ ကိုရီးယားဘာသာ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုခွင့်အား(၂)နှစ် ပိတ်ပင်ခြင်း ခံရမည်။စာမေးပွဲဖြေဆိုရာတွင် အမျိုးသားယဉ်ကျေးမှုနှင့်အညီ ဝတ်စားဆင်ယင်ရမည်။

စာမေးပွဲနှင့်ပတ်သက်၍ သိလိုသောအချက်များရှိပါက အောက်ပါဖုန်းနံပါတ်များသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။


အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
အမှတ်(၈/၁)နဂါးရုံဘုရားလမ်း၊(၅)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့
ဖုန်း-၀၁-၆၆၇၇၅၄၊ ၀၁-၆၅၁၁၉၈